


## အသက်မွေးဝမ်းကျောင်းပညာသင်ကောလိပ် (သို့) ကျွမ်းကျင်သင်တန်းကျောင်း ဆိုသည်မှာ

အသက်မွေးဝမ်းကျောင်းပညာသင်ကောလိပ် (သို့) ကျွမ်းကျင်သင်တန်းကျောင်း ဆိုသည် မှာ အထူးပညာရပ်များနှင့် အလုပ်အကိုင်အတွက် လိုအပ်သော အရည်အချင်းများကို သင်ကြားပေး သည့် အဆင့်မြင့်ပညာရေး အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ တက္ကသိုလ်များနည်းတူ ပညာရေးဆိုင်ရာ ဥပဒေအရ အသိအမှတ်ပြုထားသော ကျောင်းတစ်ခုဖြစ်ပြီး၊ လက်တွေ့အသုံးချ လုပ်ငန်းခွင် ပညာရေးနှင့် ကျွမ်းကျင်နည်းပညာများကို အဓိကထား သင်ကြားပေးကာ နယ်ပယ်အသီးသီးအတွက် ကျွမ်းကျင်ပညာရှင်များကို မွေးထုတ်ပေးလျက်ရှိပါသည်။
ခုမမိုတိုစီရင်စုတွင် ခုမမိုတိုစီရင်စုသီးသန့် ကျွမ်းကျင်သင်တန်းကျောင်းအမျိုးမျိုး ၏ အဖွဲ့ဝင်ဖြစ်သည့် ကျွမ်းကျင်သင်တန်းကျောင်း ၃၃ ကျောင်း ရှိပြီး လုပ်ငန်းအမျိုးမျိုးအတွက် ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးလျက်ရှိပါသည်။

## Website

ခုမမိုတို ကျွမ်းကျင်သင်တန်းကျောင်း PR Site

URL：https://kumasenkaku-pr.com

## Related links

ခုမမိုတိုမြို့တော် နိုင်ငံခြားသားနေထိုင်သူများအတွက် အကြံဉာဏ်နှင့် အကူအညီပေးရေး စင်တာ

URL ／ https://www.kumamoto-if.or.jp/plaza

ခုမမိုတိုစီရင်စု နိုင်ငံခြားသား ပံ့ပိုးရေးစင်တာ

URL ／ https://www.kuma-koku.jp/support-center/


[ရုံးအဖွဲ့]

All of Kumamoto special vocational school
vocational school federations


令和７年度 文部科学省「専修学校の国際化推進事業」の成果物である

ခုမမိုတိုမှာ ပညာသင်ယူချင်တယ်လို့ စဉ်းစားကြည့်ဖူးပါသလား။



# PROFESSIONAL TRAINING COLLEGES in KUMAMOTO



# ခုမမိုတိုစီရင်စုတွင် ပညာသင်ယူခြင်း

ခုမမိုတိုစီရင်စုတွင် လူဦးရေ ၁၇သိန်းခန့် နေထိုင်ပြီး စီးပွားရေးဆိုင်ရာ အဆောက်အဦများ နှင့် ယဉ်ကျေးမှုဆိုင်ရာ အဆောက်အဦများ အမျိုးအစားစုံလင်စွာ ရှိပါသည်။ ဂျပန်နိုင်ငံ၏ တောင်ပိုင်း၊ ကျူးရှူးကျွန်း၏ ဗဟိုတွင် တည်ရှိပြီး၊ သစ်တောများ၊ ပင်လယ် စသည့် ကြွယ်ဝသော သဘာဝပတ်ဝန်းကျင်နှင့် ပြည့်စုံသော ဒေသဖြစ်ကာ "ရေမြို့တော်" ဟုအမည်တွင်သည်အထိ မြေအောက်ရေကြွယ်ဝသော ဒေသလည်းဖြစ်ပါသည်။ အရသာရှိသောရေများဖြင့် ပြုလုပ်ထားသည့် လတ်ဆတ်ပြီး ကြွယ်ဝသော အစားအစာများနှင့် သောက်စရာများ စုံလင်စွာ ရရှိနိုင်ပါသည်။



ထို့အပြင်၊ မြို့တွင်း၌ လမ်းပေါ်ရထား နှင့် ဘတ်စ်ကား အပါအဝင် ပြည်သူ့သယ်ယူပို့ဆောင်ရေး စနစ်များ ကောင်းစွာ ဖွံ့ဖြိုးတည်ဆောက်ထားပြီး၊ ကျောင်းသွားလာရန် နှင့် နေ့စဉ်သွားလာမှုများ အတွက်လည်း အဆင်ပြေချောမွေ့ပါသည်။ ကျေးလက်ဒေသမြို့ပြ ဖြစ်သောကြောင့် တိုကျိုး သို့မဟုတ် အိုဆာကာ ကဲ့သို့သော မြို့ကြီးများနှင့် နှိုင်းယှဉ်ပါက လူနေမှုစရိတ်စက အတန်အသင့် သက်သာပြီး နိုင်ငံခြားသားကျောင်းသားများအတွက် နေထိုင်ရန် သက်တောင့်သက်သာရှိသော ဝန်းကျင်တစ်ခု ဖြစ်ထွန်းလျက်ရှိပါသည်။




ထို့အပြင် ဈေးဝယ်စင်တာ၊ စာကြည့်တိုက်၊ အနုပညာပြတိုက်၊ အားကစားအဆောက်အအုံ စသည့် နေ့စဉ်ဘဝအတွက် လိုအပ်သော အဆောက်အဦများ စုံလင်ထူထပ်စွာ ရှိပြီး၊ မြို့ပြဒေသများကဲ့သို့ပင် စုံလင်စွာ အတွေ့အကြုံရယူနိုင်ပါသည်။

သဘာဝနှင့် မြို့ပြလုပ်ငန်းဆောင်တာများ ဟန်ချက်ညီစွာ ပေါင်းစည်းထားသော ခုမာမိုတိုစီရင်စုသည် ပညာသင်ယူရန်သာမက နေ့စဉ်ဘဝကိုပါ ပျော်ရွှင်စွာ ဖြတ်သန်းနိုင်သော စံပြ ပညာသင်ယူနိုင်ရာဒေသ တစ်ခုဖြစ်ပါသည်။




ထို့အပြင် အကြီးစား ဆီမီးကွန်ဒတ်တာ ထုတ်လုပ်ရေးလုပ်ငန်း၏ ခုမမိုတိုစီရင်စုသို့ ချဲ့ထွင်ဝင်ရောက် လာမှုကြောင့် ကမ္ဘာ့အဆင့် ဆီမီးကွန်ဒတ်တာ ကုမ္ပဏီနှင့် စက်ရုံများသည် ခုမမိုတိုစီရင်စုသို့ စုဝေးလာကြသည်။ ခုမမိုတိုစီရင်စုတွင် အလုပ်လုပ်ကိုင်နေကြသော နိုင်ငံခြားသား အလုပ်သမားဦးရေသည် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၂၅.၅% တိုးတက်လာပြီး ယခင်က စံချိန်တင်မှုများကို ပြန်လည်ချိုးဖျက်ကာ မှတ်တမ်းသစ်တင်ခဲ့သည်။












KUMAMOTO

# 【 နိုင်ငံတကာ ကျောင်းသား အတွေ့အကြုံများ 】



Student Voices



## ခင်မြတ်နွယ်ကျော်

| | |
|---|---|
| မွေးဖွားရာဒေသ | မြန်မာ |
| ကျောင်းအမည် | Kyushu ဗဟိုပြန်လည်ထူထောင်ရေးကောလိပ် |
| ဌာန | သူနာပြုနှင့်လူမှုဖူလုံရေးဌာန |

**ခုမမိုတိုကို ရွေးချယ်ခဲ့ရတဲ့ အကြောင်းပြချက်က ?**

မြန်မာနိုင်ငံမှာရှိတဲ့ ဆရာ/ဆရာမက မိတ်ဆက်ပေးခဲ့တာပါ။ သဘာဝတရားတွေပေါများပြီး နေထိုင်လို့ ကောင်းတယ်လို့ ကြားခဲ့ဖူးလို့ပါ။

**ကျောင်းသားတစ်ယောက်ရဲ့ဘဝနေထိုင်မှုအနေနဲ့ကရော ဘယ်လိုပါပဲ။**

အစတုန်းကတော့ အရမ်းစိတ်လှုပ်ရှားခဲ့ပေမယ့် ဆရာ/ဆရာမတွေက ကြင်ကြင်နာနာနဲ့ စိတ်ရှည်လက်ရှည်သင်ကြားပေးတာကြောင့်ရော၊ ဘာမဆို ဆွေးနွေးတိုင်ပင်လို့ ရတာကြောင့်ရော စိတ်ချ လုံခြုံမှုရှိပါတယ်။ ပြီးတော့ နိုင်ငံတကာက ကျောင်းသားတွေနဲ့လည်း တွေ့ဆုံရပြီး အပြန်အလှန် ဆက်ဆံခွင့်ရတာကိုလည်း ပျော်ပါတယ်။

**ခုမမိုတိုမှာ နေထိုင်ကြည့်ပြီးတော့ ဘယ်လိုထင်ပါသလဲ။**

အရမ်းကိုသာယာပြီး အေးချမ်းသာယာတဲ့ ခံစားချက်ရှိပါတယ်။ ဆိတ်ငြိမ်ပြီး နေထိုင်ရ လွယ်ကူတဲ့ မြို့ကလေးလည်း ဖြစ်ပါတယ်။

**အနာဂတ်ရဲ့အိပ်မက်နဲ့ ရည်မှန်းချက်က?**

ထူးချွန်တဲ့ သူနာပြုတစ်ယောက်ဖြစ်လာချင်ပါတယ်။ အသုံးပြုသူတွေအတွက်သာ မကဘဲ မိသားစုဝင် တွေကပါ ယုံကြည်အားကိုးလာရတဲ့ သူနာပြုအဖြစ် ရည်မှန်းထားပါတယ်။ ဒါ့အပြင် နေရာအမျိုးမျိုး ကို ခရီးတွေသွားပြီး အတွေ့အကြုံအသစ်တွေကိုလည်း ရချင်ပါတယ်။



## Shi Yujie

| | |
|---|---|
| မွေးဖွားရာဒေသ | တရုတ်နိုင်ငံ |
| ကျောင်းအမည် | Kumamoto Y M C A Academy |
| ဌာန | ဆေးဘက်ဆိုင်ရာအတွင်းရေးမှူးဌာန |

**ကျောင်းသားတစ်ယောက်ရဲ့ဘဝနေထိုင်မှုအနေနဲ့ကရော ဘယ်လိုပါပဲ။**

စာသင်ခန်းအတွင်းက နွေးထွေးပြီး ဆရာ/ဆရာမတွေကလည်း စေတနာထားပြီး ဂရုတစိုက်နဲ့ သင်ကြားပေးပါတယ်။ သူငယ်ချင်းတွေနဲ့ အတူတူကြိုးစားဆောင်ရွက်ရင်းနဲ့ ပျော်ပျော်ရွှင်ရွှင် သင်ယူနေပါတယ်။

**ခုမမိုတိုမှာ နေထိုင်ကြည့်ပြီးတော့ ဘယ်လိုထင်ပါသလဲ။**

သဘာဝပတ်ဝန်းကျင်က သာယာပြီး လေထုကလည်း အလွန်သန့်ရှင်းလတ်ဆတ်ပါတယ်။ ရေကလည်း အရသာရှိပြီး ဒေသခံတွေကလည်း အရမ်းသဘောကောင်းကြပါတယ်။

**ဒီဘာသာရပ်ကိုရွေးချယ်ခဲ့ရတဲ့အကြောင်းရင်းက?**

ဂျပန်နိုင်ငံရဲ့ ဆေးရုံတွေမှာ လက်ခံရမယ့် ဝန်ဆောင်မှုလုပ်ငန်းတွေမှာ အလုပ်လုပ်ရင်းနဲ့ ကိုယ့်လိုပဲ ဂျပန်စကား မပြောတတ်သေးတဲ့ နိုင်ငံခြားသား လူနာတွေကို ကူညီပေးချင်ပါတယ်။

**ဂျူနီယာတွေကို ပြောချင်တာက**

အစပိုင်းမှာ စိုးရိမ်ပူပန်မှုတွေ ရှိနိုင်တယ်ဆိုပေမယ့် ဆရာ/ဆရာမတွေနဲ့ ပတ်ဝန်းကျင်က သူတွေကို တိုင်ပင်ဆွေးနွေးရင်း တစ်ဖြည်းဖြည်း ရှေ့ဆက်သွားမယ်ဆိုရင် ကိစ္စမရှိပါဘူး။ ကောင်းကောင်း အဆင်ပြေမလား ဆိုတာထက် "ကြိုးစားကြည့်ဖို့" သတ္တိရှိဖို့က ပိုအရေးကြီးပါတယ်။ ဂျပန်မှာ စိတ်ဝင်စားတဲ့အရာတွေကို စမ်းကြည့်ချင်တယ်ဆိုရင် ကျေးဇူးပြုပြီး လာရောက်လေ့လာကြည့် ကြပါဦး။



## Zhang Jingbo

| | |
|---|---|
| မွေးဖွားရာဒေသ | တရုတ်နိုင်ငံ |
| ကျောင်းအမည် | Kumamoto Y M C A Academy |
| ဌာန | ဂျပန်ဘာသာစကားဌာန |

**ခုမမိုတိုကို ရွေးချယ်ခဲ့ရတဲ့ အကြောင်းပြချက်က ?**

ပညာတော်သင်မလာခင်မှာ ခုမမိုတိုကို ခရီးအနေနဲ့လာခဲ့ပြီး ခုမမိုတိုရဲတိုက်ကို တွေ့တဲ့အခါ အရမ်းကို လှပြီး ပျော်စရာကောင်းတယ်လို့ ထင်ခဲ့တဲ့အတွက် ခုမမိုတိုမှာ ဂျပန်စာကို လေ့လာသင်ယူဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

**ကျောင်းသားတစ်ယောက်ရဲ့ဘဝနေထိုင်မှုအနေနဲ့ကရော ဘယ်လိုပါပဲ။**

ဆရာ/ဆရာမတွေအားလုံးက စေတနာထားကြပြီး နားလည်လွယ်အောင်လည်း သင်ကြားပြသပေးကြပါတယ်။ အားလုံးကလည်း တစ်ယောက်ကိုတစ်ယောက် ကူညီကြပြီး ပြန်လှန်ဖေးမရင်းနဲ့ ပြီးပြည့်စုံတဲ့ နေ့ရက်တွေကို ဖြတ်သန်းလျှက်ရှိပါတယ်။

**ဂျပန်ကို မလာခင်တုန်းက စိုးရိမ်ပူပန်ခဲ့ရတာမျိုး ရှိပါသလား။**

စကားကောင်းကောင်းပြောနိုင်ပါ့မလားဆိုပြီး စိတ်ပူမိပေမယ့် လက်တွေ့မှာတော့ ဆရာတွေနဲ့ သူငယ်ချင်းတွေက ကြင်နာတတ်ပြီး ဖြည်းညင်းစွာပြောတတ်တဲ့အတွက် စိတ်သက်သာရာရ သွားပါ တယ်။

**အနာဂတ်ရဲ့အိပ်မက်နဲ့ ရည်မှန်းချက်က?**

ကျောင်းပြီးသွားရင် ဂျပန်ကုမ္ပဏီတစ်ခုခုမှာ အလုပ်လုပ်ချင်ပါတယ်။ နောက်ပြီးတော့ ဂျပန်စကားကို ပိုပြီးတတ်ကျွမ်းလာပြီး ဂျပန်လူမျိုးတွေနဲ့ ပိုပြီးနက်နက်ရှိုင်းရှိုင်းလည်း ဆက်ဆံချင်ပါတယ်။ ဂျပန်နိုင်ငံရဲ့နေရာအမျိုးမျိုးကိုလည်း ခရီးထွက်ပြီး လေ့လာကြည့်ချင်ပါတယ်။ ဂျပန်နိုင်ငံရဲ့နေရာ အမျိုးမျိုးကိုလည်း ခရီးထွက်ပြီး လေ့လာကြည့်ချင်ပါတယ်။



## Buda Maya

| | |
|---|---|
| မွေးဖွားရာဒေသ | နီပေါ |
| ကျောင်းအမည် | Kyushu Surveying College |
| ဌာန | ဂျပန်ဘာသာစကားဌာန |

**ခုမမိုတိုကို ရွေးချယ်ခဲ့ရတဲ့ အကြောင်းပြချက်က ?**

နီပေါနိုင်ငံမှာ အနီးအနားမှာ နေထိုင်ခဲ့တဲ့ စီနီယာက ဒီကျောင်းမှာ ပညာသင်ယူခဲ့တာကြောင့်ပါ။

**ခုမမိုတိုမှာ နေထိုင်ကြည့်ပြီးတော့ ဘယ်လိုထင်ပါသလဲ။**

ခုမမိုတိုက စိမ်းလန်းစိုပြေလို့ နီပေါနဲ့အတော်လေးတူပါတယ်။ ဂျပန်နိုင်ငံရဲ့ သယ်ယူပို့ဆောင်ရေး စနစ်ကလည်း အရမ်းကို အဆင်ပြေပါတယ်။ အနီးပါတ်ဝန်းကျင်မှာ ဆိုင်အမျိုးမျိုးလည်း ရှိလို့ ဈေးဝယ် ရတာလည်း အဆင်ပြေပါတယ်။

**ဂျပန်ဘာသာစကားကို ဘယ်လိုမျိုးလေ့လာနေပါသလဲ။**

ကျောင်းသင်ခန်းစာအချိန်တွေက အရမ်းကိုပျော်ဖို့ကောင်းပါတယ်။ အိမ်ပြန်ရောက်ရင်တော့ တခါတလေမှာ သူငယ်ချင်းတွေနဲ့ ဂျပန်လိုပြောကြပါတယ်။

**ဂျပန်နိုင်ငံရဲ့ လူနေမှုဘဝကရော ဘယ်လိုပါလဲ။**

ထမင်းဗူးထုပ်ပိုးတဲ့ ကုမ္ပဏီမှာ အချိန်ပိုင်းအလုပ်ကို လုပ်ကိုင်လျှက်ရှိပါတယ်။ ဆရာ/ဆရာမတွေနဲ့ သူငယ်ချင်းတွေနဲ့အတူ မြို့တွင်းမှာ သန့်ရှင်းရေး လုပ်တာမျိုးလည်း ပါဝင်လျှက်ရှိပါတယ်။

**အနာဂတ်ရဲ့အိပ်မက်နဲ့ ရည်မှန်းချက်က?**

အနာဂတ်အိပ်မက်ကတော့ သူနာပြုတစ်ယောက်ဖြစ်လာဖို့ ဖြစ်ပါတယ်။ ဒါပေမယ့် အခုလက်ရှိကတော့ ဘိုးဘွားစောင့်ရှောက်ရေးကို လေ့လာသင်ယူချင်ပါတယ်။



## Dokak Koi

| | |
|---|---|
| မွေးဖွားရာဒေသ | ဗီယက်နမ် |
| ကျောင်းအမည် | ခုမမိုတိုနည်းပညာကောလိပ် |
| ဌာန | ဂျပန်ဘာသာစကားဌာန |

**ခုမမိုတိုကို ရွေးချယ်ခဲ့ရတဲ့ အကြောင်းပြချက်က ?**

ခုမမိုတိုမှာ သဘာဝပတ်ဝန်းကျင်တွေ ကြွယ်ဝစွာရှိပြီး တောင်တွေ၊ မြစ်တွေနဲ့ အရမ်းလှပါတယ်။ နေထိုင်ရတာလည်း အဆင်ပြေပြီး ခုမမိုတို က လူတွေဟာ ကြင်နာတတ်ပြီး ကျေးဇူးသိတတ်ကြတယ် လို့ ကြားဖူးတာကြောင့်ပါ။

**ဂျပန်ဘာသာစကားကို ဘယ်လိုမျိုးလေ့လာနေပါသလဲ။**

နေ့တိုင်း နည်းနည်းချင်းစီ သင်ယူလေ့လာနေပါတယ်။ ဆရာ/ဆရာမတွေဆီကနေ သဒ္ဒါနဲ့ စကားပြော ကို သင်ယူရပါတယ်။ အိမ်မှာတော့ ဂျပန်ရုပ်ရှင်ဇာတ်လမ်းတွေနဲ့ anime တွေကို ကြည့်ပြီး သင်ယူ လေ့လာနေပါတယ်။

**အချိန်ပိုင်းအလုပ် လုပ်နေပါသလား။**

ထမင်းဗူးထုပ်ပိုးတဲ့ အချိန်ပိုင်းအလုပ်ကို လုပ်ကိုင်လျှက်ရှိပါတယ်။ အစပိုင်းမှာတော့ ပင်ပန်းပေမယ့် တဖြည်းဖြည်းချင်းနဲ့ နေသားကျလာပါပြီ။

**အနာဂတ်ရဲ့အိပ်မက်နဲ့ ရည်မှန်းချက်က?**

အနာဂတ်မှာတော့ ခုမမိုတိုက ကုမ္ပဏီမှာ အလုပ်လုပ်ချင်ပါတယ်။ မော်တော်ယာဥ်ပြင်ဆင်တဲ့ အလုပ်ကို လုပ်ကိုင်လိုပါတယ်။ အဲ့ဒါကြောင့်မို့ ဂျပန်စာကို ပိုပြီး လေ့လာသင်ယူနေပါတယ်။

# 【 ဆရာ/ဆရာမနှင့် အင်တာဗျူး 】





## Yuta Sasaki

| | |
|---|---|
| ကျောင်းအမည် | Kumamoto Y M C A Academy ဂျပန်ဘာသာစကားဌာန |

### ဒီကျောင်းရဲ့ ဆွဲဆောင်မှုလေးကို ပြောပြပေးပါ။

အကြီးမားဆုံးဆွဲဆောင်မှုကတော့ နိုင်ငံတကာက ကျောင်းသားတွေရှိတာပဲ ဖြစ်ပါတယ်။ ကျောင်းသားတွေကို သင်ယူသူသက်သက်အဖြစ်မဟုတ်ဘဲ လူမှုအသိုင်းအဝိုင်းရဲ့တစ်စိတ်တစ်ပိုင်း အဖြစ် ရှုမြင်ပြီး ယဉ်ကျေးမှုအမျိုးမျိုးနဲ့ ထိတွေ့ဆက်ဆံနိုင်မယ့် အခွင့်အလမ်းတွေ၊ စေတနာ့ဝန်ထမ်း လုပ်ငန်းတွေကို ဆောင်ရွက်ပေးကာ ကွဲပြားတဲ့ ယဉ်ကျေးမှုတွေကို နားလည်လက်ခံပြီး အတူယှဉ်တွဲ နေထိုင်ခြင်းရဲ့ အခြေခံအယူအဆကို အလေးထားဆောင်ရွက်နေပါတယ်။

### နိုင်ငံတကာကျောင်းသားတွေအကြောင်း

စာသင်ချိန်တိုင်းက အမှတ်တရပါပဲ။ အထူးသဖြင့် အတန်းတက်ဖို့ စိတ်အားထက်သန်ကြတဲ့ ကျောင်းသားတွေရဲ့ တိုးတက်မှုကို မြင်နိုင်ပါတယ်။ ဂျပန်ဘာသာစကား အရည်အချင်းစစ်စာမေးပွဲ အောင်မြင်ပြီးနောက် ဒါမှမဟုတ် ကျောင်းပြီးသွားတဲ့နောက်မှာ ကျောင်းသားတွေက ကျွန်တော်တို့ကို ကျေးဇူးတင်ကြောင်းပြောလာတဲ့အခါမှာ အရမ်းကိုကြည်နူးပျော်ရွှင်ရပြီး ကိုယ့်အလုပ်ကို ကျေနပ် အားရမှု ရရှိပါတယ်။

### စာသင်ချိန်တွေကို ပိုမိုစိတ်ဝင်စားလာအောင် ပြင်ဆင်တာမျိုး ရှိသလား။

သင်ခန်းစာတွေ အချည်းအနှီးမဖြစ်ရအောင် ကျောင်းသားတွေ ကိုယ်တိုင် အတန်းထဲမှာ စကားပြောဖို့ အခွင့်အလမ်းတွေ အများကြီး ဖန်တီးပေးပါတယ်။